# အိမ်ခြံမြေဝယ်ယူ/လွှဲပြောင်း ရယူသူများအနေဖြင့် မိမိအမည်ဖြင့် တရားဝင်အမည်ပေါက် ပိုင်ဆိုင်မှုရရှိနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်းသိကောင်းစရာများ

၁။ အိမ်ခြံမြေဝယ်ယူ/လွှဲပြောင်း ရယူသူများအနေဖြင့် အရပ်ကတိစာချုပ်များ ချုပ်ဆိုဝယ်ယူခြင်း၊ အထူးကိုယ်စားလှယ်လွှဲစာများဖြင့် ဆောင်ရွက်ခြင်းတို့အစား မိမိတို့၏ပိုင်ရေးပိုင်ခွင့်ကို ခိုင်မာစေရေး အတွက် ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်ပိုင်ဆိုင်မှုရရှိနိုင်ရေး ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထိုသို့ အမည်ပေါက်ပိုင်ဆိုင်မှုရရှိနိုင်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊စည်းမျဉ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၂။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဝယ်ယူခြင်း/ ရောင်းချခြင်း/ လဲလှယ်ခြင်း/ မေတ္တာဖြင့် ပေး ကမ်းခြင်း/ တရားရုံး၏အနိုင်ဒီဂရီရရှိထားသူများက အမည်ပေါက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရာ တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် ပြည်တွင်းအခွန်များဦးစီးဌာန သို့ ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အများပြည်သူတို့အနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန သို့ ဆက်သွယ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များကို လွယ်ကူရှင်းလင်းစွာ သိရှိဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပြီး အောက်ပါအကြောင်းအရာများပါဝင်ပါသည်–

(က) စတင်ဆောင်ရွက်ရန်အချက်များ။

(ခ) တင်ပြရမည့်စာရွက်စာတမ်းများ–

(၁) လယ်ယာမြေမှအပ ကျန်မြေကွက်များဝယ်ယူ၍ အမည်ပေါက်ဆောင်ရွက်ခြင်း။

(၂) ဂရန်မြေမဟုတ်သည့် ခွင့်ပြုချထားမြေအားဝယ်ယူ၍ အမည်ပေါက် ဆောင် ရွက်ခြင်း။

(၃) မေတ္တာဖြင့်ပေးကမ်းခြင်းအား အမည်ပြောင်းဆောင်ရွက်ခြင်း။

(၄) လဲလှယ်ခြင်း/ တရားရုံး၏အနိုင်ဒီဂရီရရှိခြင်းအတွက် အမည်ပြောင်း ဆောင်ရွက် ခြင်း။

(၅) စုပေါင်းပိုင် အဆောက်အအုံ(Condominium)အခန်းများ/တိုက်ခန်းများ ဝယ်ယူ ခြင်း။

(ဂ) ကြာမြင့်ချိန်။

(ဃ) ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်ပေးဆောင်ရန် တာဝန်ရှိခြင်း။

(င) အထွေထွေ။

## စတင်ဆောင်ရွက်ရန်အချက်များ

၃။ လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများ ဝယ်ယူခြင်း သို့မဟုတ် မေတ္တာဖြင့်ပေးကမ်းခြင်း သို့မဟုတ် အိမ်ခြံမြေပစ္စည်းအား အလဲအထပ်ဖြင့်ရယူခြင်း သို့မဟုတ် တရားရုံး၏အနိုင်ဒီဂရီရရှိထားသူများက ရယူခြင်းဖြစ်ပါက ထိုအိမ်ခြံမြေတည်ရှိရာ မြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်မှု ခံယူရပါမည်။ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့ရုံးသို့သွားရောက်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်မှု ခံယူရပါမည်။)

၄။ မိမိတို့ဆောင်ရွက်သည့် ကိစ္စရပ်အမျိုးအစားပေါ်မူတည်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်နိုင်ရန် တင်ပြရမည့် စာရွက်စာတမ်းအမျိုးအစားများကို တင်ပြရန်လိုအပ်ပါသည်။

## တင်ပြရမည့်စာရွက်စာတမ်းများ

၅။ လယ်ယာမြေမှအပ ကျန်မြေကွက် ဝယ်ယူခြင်း/ရောင်းချခြင်းအတွက် အမည်ပြောင်းကိစ္စ ဆောင်ရွက်ခြင်း ဖြစ်ပါက အောက်ပါစာရွက်စာတမ်းများ တင်ပြရပါမည်-

(က) နေပြည်တော် ၊ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ်အတွင်းထုတ်ယူသော မြေပုံ၊ မြေရာဇဝင်ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/ မိတ္တူ (စည်ပင်သာယာနယ်နိမိတ်ပြင်ပဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တစ်နှစ်အတွင်းထုတ်ယူသောမြေပုံ၊ မြေရာဇဝင်ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/ မိတ္တူ)။

( ခ ) ဝယ်ယူသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ (ဝယ်ယူသူ၏ ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ် ဖြစ်ပါက ဝယ်ယူသူ၏ ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ ပူးတွဲရန်)။

( ဂ ) ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ (ရောင်းချသူ၏ ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ရောင်းချသူ၏ ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/မိတ္တူ ပူးတွဲရန်)။

(ဃ) အကယ်၍ ဂရန်အမည်ပေါက်သူ ကွယ်လွန်သွားပါက အမွေဆက်ခံထိုက်သူများ၏ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ချုပ်ဆိုထားသည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် မူရင်း/ မိတ္တူ (လိုအပ်ပါက တရားရုံး၏အမွေဆက်ခံပိုင်ခွင့် လက်မှတ် ပူးတွဲရန်)။

( င ) အမည်ပေါက်ပိုင်ဆိုင်သူကိုယ်စား ရောင်းချခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ (SP/GP) (၁-၁၂-၂၀၂၃ နေ့မတိုင်မီကိစ္စရပ်များအတွက် လွှဲအပ်သောကိုယ်စားလှယ်လွှဲစာများ) မူရင်း/မိတ္တူနှင့်ကိုယ်စားလှယ် လွှဲအပ်သူ သက်ရှိထင်ရှားရှိကြောင်း အထောက်အထား။

( စ ) ဝယ်ယူသည့်မြေ (သို့မဟုတ်) မြေနှင့် အဆောက်အအုံအတွက် ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး၂ ဖက်)။

(ဆ) မြေငှားစာချုပ်(ဂရန်) မူရင်း/ မိတ္တူ။

( ဇ ) အရောင်းအဝယ်ကတိစာချုပ် မူရင်း/ မိတ္တူ။

၆။ ဂရန်မရရှိသေးသော ခွင့်ပြုချထားမြေ / ပါမစ်မြေအမည်ပေါက် ပိုင်ဆိုင်သူ ထံမှ ဝယ်ယူသည့် ကိစ္စဖြစ်ပါက အောက်ပါစာရွက်စာတမ်းများ တင်ပြရပါမည်-

(က) အမည်ပေါက်ပိုင်ဆိုင်သူထံမှ ဝယ်ယူထားသည့် အရောင်းအဝယ်ကတိစာချုပ်/ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်။

( ခ ) သက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းရသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ်ဆိုင်ရာ ငွေသွင်းချလန်မူရင်းနှင့် မိတ္တူများ။

( ဂ ) အမည်ပေါက်ပိုင်ဆိုင်သူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။

(ဃ) ဝယ်ယူသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။

( င ) ဝယ်ယူသည့်မြေ (သို့မဟုတ်) မြေနှင့်အဆောက်အအုံအတွက် ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး၂ ဖက်)။

၇။ အိမ်ခြံမြေအား မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်၍ အမည်ပေါက်ပိုင်ဆိုင်ခြင်း ဆောင်ရွက်သည့် ကိစ္စဖြစ်ပါက အောက်ပါစာရွက်စာတမ်းများ တင်ပြရပါမည်-

(က) ဂရန်မြေဖြစ်ပါက နေပြည်တော်၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ်အတွင်းထုတ်ယူသော မြေပုံ၊မြေရာဇဝင် ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/မိတ္တူ (စည်ပင်သာယာနယ်နိမိတ်ပြင်ပဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးမှ တစ်နှစ်အတွင်းထုတ်ယူထားသည့် မြေပုံ၊ မြေရာဇဝင် ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/ မိတ္တူ)၊ သို့မဟုတ် ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါက သက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းရသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ်ဆိုင်ရာ ငွေသွင်းချလန်မူရင်းနှင့် မိတ္တူများ။

( ခ ) ပေးကမ်းသူနှင့်လက်ခံသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ ( ပေးကမ်းသူ သို့မဟုတ် လက်ခံသူ၏ ကိုယ်စား

ဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ပေးကမ်းသူ သို့မဟုတ် လက်ခံသူမှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ)။

( ဂ ) ပေးကမ်းသည့်မြေ (သို့မဟုတ်) မြေနှင့်အဆောက်အအုံအတွက် ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး၂ ဖက်)။

(ဃ) မြေငှားစာချုပ် (ဂရန်) မူရင်း/ မိတ္တူ။

( င ) မေတ္တာဖြင့် ပေးကမ်းခြင်း ကနဦးစာချုပ် မူရင်း/ မိတ္တူ။

( စ ) ဂရန်အမည်ပေါက် မြေနှင့်အဆောက်အအုံကို ပိုင်ဆိုင်ခဲ့သည့်မိဘများမှ ကွယ်လွန်ပြီးနောက် သားသမီးတစ်ဦးဦး (သို့မဟုတ်) တစ်ဦးထက်ပိုမိုသော သားသမီးများအား အမွေဆက်ခံစေသည့် ကိစ္စရပ်များအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်သည့် မြွက်ဟကြေညာစာချုပ်နှင့် မေတ္တာဖြင့်ပေးကမ်းခြင်း ကိစ္စရပ်များအတွက် နောင်တစ်ချိန်၌ မေတ္တာဖြင့်ပေးကမ်းခြင်းမှာ ပျက်ပြယ်ကြောင်း (သို့မဟုတ်) မေတ္တာဖြင့်ပေးကမ်းခြင်း မမြောက်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံတော်၏အခွန်ငွေများ နစ်နာဆုံးရှုံးမှု မရှိစေရန် ခံဝန်တင်သွင်းသည့်စာချုပ်။

(ဆ) ပေးကမ်းသူ၌ အမွေဆက်ခံမည့်သူများရှိပါက ပေးကမ်းမှုကို သိရှိသဘောတူပါကြောင်းနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာမူရင်း။

၈။ အိမ်ခြံမြေကို ဝယ်ယူခြင်း/ ရောင်းချခြင်းမဟုတ်ဘဲ လဲလှယ်ခြင်း/ တရားရုံး၏အနိုင်ဒီဂရီရရှိထားသူများက အမည်ပြောင်းဆောင်ရွက်ခြင်းဖြစ်ပါက အောက်ပါစာရွက်စာတမ်းများ တင်ပြရပါမည်-

(က) ဂရန်မြေဖြစ်ပါက လဲလှယ်မည့်သူ နှစ်ဦးစလုံးအမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်များသည် နေပြည်တော်၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ်အတွင်းထုတ်ယူသော မြေပုံ၊ မြေရာဇဝင်ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/မိတ္တူ။ စည်ပင်သာယာနယ်နိမိတ်ပြင်ပဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးမှ တစ်နှစ်အတွင်းထုတ်ယူထားသည့်မြေပုံ၊ မြေရာဇဝင်ပုံစံ-၁၀၅၊ ပုံစံ-၁၀၆ မူရင်း/ မိတ္တူ။ သို့မဟုတ် ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါက သက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာ စီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန်မူရင်းနှင့် မိတ္တူများ။

( ခ ) တရားရုံး၏အနိုင်ဒီဂရီရရှိသူ သို့မဟုတ် လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ (ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက လဲလှယ်သူမှလွှဲအပ်သော ကိုယ်စားလှယ် လွှဲစာ၊

ကိုယ်စားလှယ် ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ)။

( ဂ ) လဲလှယ်သည့် သို့မဟုတ် အနိုင်ဒီဂရီရရှိသည့် မြေကွက် သို့မဟုတ် မြေနှင့်အဆောက်အအုံ ၏ ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး၂ ဖက်)။

(ဃ) မြေငှားစာချုပ်(ဂရန်) မူရင်း/ မိတ္တူ။

( င ) လဲလှယ်ခြင်း နှစ်ဦးသဘောတူကတိစာချုပ် မူရင်း/ မိတ္တူ။

( စ ) တရားရုံး၏အနိုင်ဒီဂရီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းအထောက်အထားများ မူရင်း/ မိတ္တူ။

၉။ စုပေါင်းပိုင်အဆောက်အအုံ (Condominium) မှတိုက်ခန်းများ၊ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနများက တည်ဆောက်ရောင်းချသောတိုက်ခန်းများ (ဥပမာ-သုခတော်ဝင်အိမ်ရာ၊ လှိုင်မြင့်မိုရ်အိမ်ရာ နှင့်မြရည်နန္ဒာအိမ်ရာ)၊ လူနေတိုက်ခန်းများအား ဝယ်ယူခြင်း/ရောင်းချခြင်းကိစ္စများဖြစ်ပါက အောက်ပါ စာရွက်စာတမ်း အထောက်အထားများ တင်ပြရပါမည်-

(က) ဝယ်ယူသူနှင့် ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ။

( ခ ) ဝယ်ယူသူ၏ အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/မိတ္တူ။

( ဂ ) ဝယ်ယူသူနှင့်ရောင်းချသူတို့ ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ဝယ်ယူသူ၊ ရောင်းချသူတို့မှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ။

(ဃ) အရောင်းအဝယ်စာချုပ် မူရင်း/ မိတ္တူ။

( င ) တိုက်ခန်း/ ကွန်ဒိုမီနီယမ် ပိုင်ဆိုင်ကြောင်း သက်သေခံစာအုပ် မူရင်း/ မိတ္တူ။

( စ ) အဆောက်အဦ/ တိုက်ခန်းဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး(၂)ဖက်)။

၁၀။ အဆောက်အဦ ဆောက်လုပ်ခြင်းဖြစ်ပါက အောက်ပါစာရွက်စာတမ်း အထောက်အထားများ တင်ပြရပါမည်-

(က) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ၏ အဆောက်အဦ ဆောက်လုပ်ခွင့်ပြုမိန့်စာ။

( ခ ) သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) မှ အတည်ပြုထားသည့် အဆောက်အဦဆောက်လုပ်မည့် ကြမ်းခင်းဧရိယာနှင့် အသေးစိတ်ရေးဆွဲထားသော Drawing စာရွက်။

( ဂ ) လက်ရှိတည်ဆောက်သူ အမည်ပေါက် မြေဂရန်မိတ္တူ။

(ဃ) တည်ဆောက်လျှောက်ထားသူ၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

( င ) တည်ဆောက်လျှောက်ထားသူ၏ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/ မိတ္တူ။

( စ ) အဆောက်အဦ၏ အရှေ့/ အနောက် ဓာတ်ပုံ(၂)ပုံ။

## အိမ်ခြံမြေကာလတန်ဖိုးစံနှုန်းများနှင့် တန်ဖိုးစိစစ်သတ်မှတ်ရန်တင်ပြသည့်အခါ ကြာမည့်အချိန်

၁၁။ မိမိဝယ်ယူ/လွှဲပြောင်းရယူသည့် အိမ်ခြံမြေတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် သတ်မှတ်စံနှုန်း များအား ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားသကဲ့သို့ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website တွင်လည်း ဖော်ပြထားပါသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက်စံနှုန်းများ၊ အဆောက် အအုံပါရှိခြင်းအတွက် အဆောက်အအုံအမျိုးအစားအလိုက် သတ်မှတ်သည့်စံနှုန်းများ(တစ်ပေလျှင် မည်မျှကုန်ကျမည် တွက်ချက်သည့် PAE နှုန်း) တို့ကို ဖတ်ရှုပြီး တွက်ချက်နိုင်ပါသည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့ နယ်များအနေဖြင့် တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း၊ ရန်ကုန် မြို့တော်နှင့်မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၊ ပြည်ထောင်စုနယ်မြေ နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်ကာလတန်ဖိုးစိစစ် သတ် မှတ်ရေး အဖွဲ့များကလည်းကောင်း ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပါသည်။

၁၃။ ကာလတန်ဖိုးစိစစ်သတ်မှတ်နိုင်ရန် အထက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများ ကို အိမ်ခြံမြေတည်ရှိရာ တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ရုံး သို့မဟုတ် မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင်သာ တင်ပြရမည်ဖြစ်ပါသည်။ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထား များ ပြည့်စုံမှန်ကန်မှုရှိပါက ရက်သတ္တနှစ်ပတ်အတွင်း တန်ဖိုးသတ်မှတ်မှုပြီးစီးအောင် ဆောင်ရွက် ပေးပါသည်။

## ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်း

၁၄။ အိမ်ခြံမြေ/အဆောက်အဦ ဝယ်ယူသူနှင့်တည်ဆောက်သူအနေဖြင့် ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သည့် ဝယ်ယူသည့်တန်ဖိုးအပေါ် မိမိအနေဖြင့်တင်ပြနိုင်သည့် ဝင်ငွေ ရလမ်းအထောက်အထားများ တင်ပြရမည်ဖြစ်ပြီး ဝယ်ယူ/တည်ဆောက်သည့် တန်ဖိုး လုံလောက်မှု ရှိပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်ပါ။ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၁၅။ အိမ်ခြံမြေ၊ တိုက်ခန်း၊ ကွန်ဒိုမီနီယမ်အခန်းများ ရောင်းချသူများအနေဖြင့် ရောင်းချခြင်းမှ မြတ်စွန်းငွေပေါ်ပေါက်ပါက နှစ်အလိုက်ပြဋ္ဌာန်းသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများနှင့်အညီ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့် ထိုက်သင့်ဝင်ငွေခွန် ပေးဆောင်ရပါ မည်။

၁၆။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မည်သည့်မြို့နယ်တွင်တည်ရှိသည့် အိမ်၊ မြေ၊ အဆောက်အအုံကို ဝယ်ယူသည်ဖြစ်စေ၊ ပေးကမ်းသည်ဖြစ်စေ၊ လဲလှယ်သည်ဖြစ်စေ၊ တရားရုံး၏အနိုင်ဒီဂရီကြောင့် ရယူ ခြင်းဖြစ်စေ သတ်မှတ်သည့်ကာလတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းအပြင် အပိုတံဆိပ် ခေါင်းခွန် ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၄ ရာခိုင်နှုန်းကို ပေးဆောင်ရပါမည်။

၁၇။ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တွက်ချက်ထုတ်ပေးသည့် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ငွေသွင်းချလန်တို့ဖြင့် သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ရပါမည်။

၁၈။ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းပြီးသည့် ဝင်ငွေခွန်ချလန်နှင့် တံဆိပ်ခေါင်းခွန် ချလန် ဖြတ်ပိုင်း မူရင်း/ မိတ္တူအား မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ပြသ၍ စာချုပ်ချုပ်ဆိုရန် တံဆိပ်ခေါင်းများ ထုတ်ယူရပါမည်။(မေတ္တာဖြင့် ပေးကမ်းခြင်းဖြစ်ပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုပါ။)

၁၉။ အိမ်ခြံမြေကို ဝယ်ယူ/ ရောင်းချခြင်း မဟုတ်ဘဲ လဲလှယ်ခြင်းဖြစ်ပါက ပိုင်ဆိုင်သူ နှစ်ဦးစလုံး သည် မိမိပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန် စည်းကြပ်မှု ခံယူရမည်ဖြစ်ပြီး ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း၊ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေပေါ်တွင်လည်းကောင်း နှစ်အလိုက်ပြဋ္ဌာန်းသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများနှင့်အညီ ထိုက်သင့်ဝင်ငွေခွန်ပေးဆောင်ရမည်။

၂၀။ လဲလှယ်/ လွှဲပြောင်းရာတွင် အလိုက်ပေးရငွေပါဝင်ပါက ပေးချေသူက ထိုငွေကိုမည်သို့ရရှိခဲ့ကြောင်း တင်ပြရန်လိုအပ်ပြီး စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေရှိပါက ဝင်ငွေခွန်စည်းကြပ်မှု ခံယူရမည်။

၂၁။ အိမ်ခြံမြေကို ဝယ်ယူသူ/ အခြားတစ်နည်းနည်းဖြင့်ပိုင်ဆိုင်သူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၁ အရ ဝင်ငွေခွန်စည်းကြပ်မှု အကြောင်းကြားစာပုံစံ ပတခ(ဝင)-၀၄-၀၈ နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ပြီးသည့် ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ချလန်ဖြတ်ပိုင်းမူရင်းများ၊ တံဆိပ်ခေါင်းခွန် အပြည့်အဝ ကပ်နှိပ်ထမ်းဆောင်ထားသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များနှင့်ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိမြို့နယ်များ ဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးများသို့ သွားရောက်မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

**အထွေထွေ**

၂၂။ အိမ်ခြံမြေ ဝယ်ယူ/ လွှဲပြောင်း ရယူသူများသည် တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်ဘဲ ကုမ္ပဏီ/ အဖွဲ့အစည်းဖြစ်ပါက အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်–

- (က) ကုမ္ပဏီ/ အဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်/ မိတ္တူ။
- ( ခ ) ကုမ္ပဏီ/ အဖွဲ့အစည်း ဒါရိုက်တာအဖွဲ့ဝင်တို့၏ အစည်းအဝေးမှတ်တမ်း/ မိတ္တူ။
- ( ဂ ) လယ်ယာမြေမှအပ ကျန်မြေကွက်ဝယ်ယူခြင်း/ရောင်းချခြင်းဖြစ်ပါက အပိုဒ်– ၅ ပါ စာရွက်စာတမ်းအထောက်အထားများ။
- (ဃ) အဆောက်အဦဆောက်လုပ်ခြင်းဖြစ်ပါက အပိုဒ်– ၁၀ ပါ စာရွက်စာတမ်းအထောက်အထားများ။

၂၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀.၄.၂၀၁၇ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၇ ဖြင့် ဖွဲ့စည်းထားသည့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မြေနှင့်အဆောက်အအုံတို့၏ ကာလတန်ဖိုးကို စိစစ်သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ထိုသို့သတ်မှတ်သည့်တန်ဖိုးအပေါ် ကျသင့်ဝင်ငွေခွန်ပေးဆောင်ခြင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် စာချုပ်စာတမ်းအပေါ်ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၄။ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန် ပျက်ကွက်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ကို ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုးပေါက်ဈေးဖြင့် အစားထိုးပြန်လည် တန်ဖိုးသတ်မှတ်သွားမည်ဖြစ်ပါသည်။

၂၅။ **အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ဖုန်း-၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ် ၄၆၊ ဖုန်း-၀၆၇- ၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၃၉၂၊ ဖုန်း-၀၂-၄၀၃၀၀၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်း မေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှု လေ့လာနိုင်ပြီး၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

## အိမ်ခြံမြေဝယ်ယူ/ရောင်းချ/လဲလှယ်ခြင်းအတွက် အခွန်ထမ်းအနေဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**အိမ်ခြံမြေဝယ်ယူ/ရယူသူသည်**

(ရန်ကုန်မြို့တော်နှင့်မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ မြို့နယ်များတွင်နေထိုင်သူဖြစ်ပါက)

↓

**တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့ရုံးသို့ သွားရောက်ရပါမည်။**

(အိမ်/မြေ/အဆောက်အအုံ/တိုက်ခန်းအား တန်ဖိုး သတ်မှတ်ပေးပါရန် တင်ပြရပါမည်။)

**အိမ်ခြံမြေဝယ်ယူ/ရယူသူသည်**

(ရန်ကုန်မြို့တော်နှင့်မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ် ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်၊ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် နေထိုင်သူဖြစ်ပါက)

↓

**မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်ရပါမည်။**

(အိမ်/မြေ/အဆောက်အအုံ/တိုက်ခန်းအား တန်ဖိုး သတ်မှတ်ပေးပါရန် တင်ပြရပါမည်။)

↓

**ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပါနိုင်ရန် တင်ပြစာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရပါမည်-**

(၁)မြေပုံ၊မြေရာဇဝင် ပုံစံ-၁၀၅၊ ပုံစံ-၁၀၆မူရင်း/မိတ္တူ

(၂)မြေငှားစာချုပ်(ဂရန်)မူရင်း/မိတ္တူ

(၃)အရောင်းအဝယ်စာချုပ် မူရင်း/မိတ္တူ

(၄)မြေ/အဆောက်အအုံဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၂ဖက်)

(၅)ရောင်းချသူနှင့်ဝယ်ယူသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ

(၆)လဲလှယ်သူနှစ်ဦး/တရားရုံး၏အနိုင်ဒီဂရီရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ

(၇)အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/မိတ္တူ

(၈)ကိုယ်စားဆောင်ရွက်သူဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ မူရင်း/ မိတ္တူ၊ ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ

↓

**တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ရုံး/ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ**

(အိမ်/မြေ/အဆောက်အအုံ၏ ကာလတန်ဖိုး စိစစ်သတ်မှတ်ပေးရန် တင်ပြစာရရှိသည့်နေ့မှ ရက်သတ္တပတ်(၂)ပတ်အတွင်း ပြီးပြတ်အောင် တန်ဖိုးသတ်မှတ်စိစစ်ပေးမည်၊ ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ကို ပုံစံ တစဖ-၃ ဖြင့် အခြေပစ္စည်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အကြောင်းကြားပေးပို့မည်။ အခွန်ထမ်းသည် ကာလတန်ဖိုးစိစစ်သတ်မှတ်သည့် ဘဏ္ဍာနှစ်အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်စည်းကြပ်မှုကိုခံယူရပါမည်။ ဘဏ္ဍာနှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုးပေါက်ဈေးဖြင့် အစားထိုးပြန်လည်တန်ဖိုးသတ်မှတ်မည်ဖြစ်ပါသည်။)



↓

**မြန်မာ့စီးပွားရေးဘဏ်တွင် အခွန်ငွေများပေးသွင်းမည်**

စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်ဖြင့် ဝင်ငွေခွန်စည်းကြပ်မှုခံယူပြီး သက်ဆိုင်ရာအခွန်ရုံးက ဝင်ငွေခွန် ငွေတောင်းခံလွှာ ပုံစံ ပတခ(ဝင)-၀၄-၀၈ နှင့်အတူ ထုတ်ပေးသည့် ဝင်ငွေခွန်ချလန်ပုံစံ ပတခ(ဝင)-၀၂-၀၁(ခ)၊ တံဆိပ်ခေါင်းခွန် ချလန်ပုံစံ တီအက်ပ်-၅ ကို ရယူ၍ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရပါမည်။(မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ တံဆိပ်ခေါင်းခွန် တစ်မျိုးတည်းကိုသာ ထမ်းဆောင်ရမည်ဖြစ်ပါသည်။)

↓

**မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် တံဆိပ်ခေါင်းထုတ်ယူမည်**

ငွေပေးသွင်းပြီးဖြစ်သော ပေးသွင်းသူသို့ ပြန်လည်ပေးအပ်သည့် ချလန်ဖြတ်ပိုင်း ပတခ(ဝင)-၀၂-၀၁(ခ) မူရင်းနှင့်မိတ္တူ၊ တီအက်ပ်-၅ မူရင်းနှင့် မိတ္တူများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် တင်ပြပြီး တံဆိပ်ခေါင်းထုတ်ယူရပါမည်။စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရန် အကြောင်းကြားစာကိုလည်း တစ်ပါတည်း ယူဆောင်ရပါမည်။

↓

**စာချုပ်စာတမ်းမှတ်ပုံတင်ရန်**

(နေပြည်တော်/ရန်ကုန်/မန္တလေးစည်ပင်သာယာ နယ်နိမိတ် အတွင်းရှိ မြို့နယ်များဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ သွားရောက်ရပါမည်။)

↓

**မြို့တော်စည်ပင်သာယာရေးကော်မတီ**

(ဂရန်အမည်ပြောင်းဆောင်ရွက်နိုင်ရန် သွားရောက်ရမည်။)

**စာချုပ်စာတမ်းမှတ်ပုံတင်ရန်**

(နေပြည်တော်/ရန်ကုန်/မန္တလေးစည်ပင်သာယာ နယ်နိမိတ် ပြင်ပနှင့်အခြား တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ်များဖြစ်ပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးရုံးသို့ သွားရောက်ရပါမည်။)

↓

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(ဂရန်အမည်ပြောင်းဆောင်ရွက်နိုင်ရန် သွားရောက်ရမည်။)